# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ နည်းဥပဒေများ)

**အမိန့်ကြော်ငြာစာအမှတ် ၁၀၇၀ / ၂၀၂၂**

**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်**

**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ဆိုသည်။

(ခ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ကို ဆိုသည်။

(ဂ) **မြို့နယ်ရဲတပ်ဖွဲ့မှူး** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်နေသော ရဲအရာရှိကို ဆိုသည်။

(ဃ) **မြို့နယ်စီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ မြို့နယ်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများဖြင့် ဖွဲ့စည်းထားသည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများအရ သတ်မှတ်သည့်ပုံစံကို ဆိုသည်။

### အခန်း (၂)

### အသိပေးတင်ပြခြင်း

၃။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ်

Myanmar Law Information System (MLIS)

အဖွဲ့အစည်းမှ တာဝန်ရှိသူသည် မိမိဆောင်ရွက်လိုသည့်ကိစ္စရပ်အတွက် သက်ဆိုင်ရာသို့ အသိပေး တင်ပြသည့် ပုံစံ(၁)၊ (၂) သို့မဟုတ် (၃) တို့တွင် ဖော်ပြထားသည့် အချက်အလက်များကို ပြည့်စုံစွာ ရေးသား၍ ထိုအသိပေးတင်ပြစာအား မိမိဆောင်ရွက်လိုသည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ကိုယ်တိုင်စာဖြင့်ပေးပို့ တင်ပြရမည်။

၄။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို ဆောင်ရွက်ရာတွင် ဖြတ်သန်းလိုသည့်မြို့နယ်များ ရှိပါက စတင်ဆောင်ရွက်မည့်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ နည်းဥပဒေ ၃ အရ ပြည့်စုံစွာရေးသား ဖော်ပြပေးပို့သည့် အသိပေးတင်ပြချက်မိတ္တူကို သက်ဆိုင်ရာ ဖြတ်သန်းလိုသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အသိပေးတင်ပြသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးနှင့်အတူ ပေးပို့ရမည်။

၅။ နည်းဥပဒေ ၃ အရ အသိပေးတင်ပြရာတွင်လည်းကောင်း၊ နည်းဥပဒေ ၄ အရ ဖြတ်သန်းလိုသည့် မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အသိပေးတင်ပြချက်မိတ္တူ ပေးပို့ရာတွင်လည်းကောင်း၊ အသိပေး တင်ပြသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်၊ ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ အမည်နှင့်နေရပ်လိပ်စာ အပြည့်အစုံကို ပုံစံ (၄) ပါအတိုင်း တစ်ဦးချင်းဖော်ပြ၍ ပူးတွဲရမည်။

၆။ အသိပေးတင်ပြချက်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် လက်ခံရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး မရှိပါက တာဝန်ကျတပ်ဖွဲ့ဝင်တစ်ဦးဦးက လက်ခံ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဆောလျင်စွာ ဆက်လက် တင်ပြရမည်။

၇။ အသိပေးတင်ပြချက်တွင် ပါဝင်ရမည့်အချက်အလက်များ မပြည့်စုံပါက သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးကဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော ရဲအရာရှိကဖြစ်စေ အသိပေးတင်ပြသူအား လိုအပ် ချက်များရှင်းပြ၍ အသိပေးတင်ပြချက်ကို ဆောလျင်စွာ ပြန်လည်ပေးအပ်ရမည်။

၈။ အသိပေးတင်ပြသူသည် နည်းဥပဒေ ၇ အရ ပြန်လည်ပေးအပ်သောအသိပေးတင်ပြချက်ကို လက်ခံရရှိလျှင် လိုအပ်ချက်များကို ပြည့်စုံစွာပြန်လည်ဖြည့်စွက်၍ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ အသိပေးတင်ပြချက်ကို ပြန်လည်တင်ပြရမည်။ ယင်းသို့တင်ပြပါက မိမိဆောင်ရွက်မည့် နေ့ရက် မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ တင်ပြရမည်။

၉။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် ဥပဒေပါစည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ကြိုတင်ညှိနှိုင်း၍ သဘောတူညီချက် ပုံစံ(၅)ကို နည်းဥပဒေ ၃ အရ အသိပေးတင်ပြစာတွင်လည်းကောင်း၊ နည်းဥပဒေ ၄ အရ အသိပေး တင်ပြစာမိတ္တူတွင်လည်းကောင်း တစ်ပါတည်း ပူးတွဲဖော်ပြရမည်။

၁၀။ အသိပေးတင်ပြချက် သို့မဟုတ် အသိပေးတင်ပြချက်မိတ္တူကို လက်ခံရရှိသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဥပဒေပုဒ်မ ၅ အရ သက်ဆိုင်ရာသို့ ဆောလျင်စွာတင်ပြရမည်။

၁၁။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နည်းဥပဒေ ၃ အရ အသိပေးတင်ပြချက်ကိုလည်းကောင်း၊ နည်းဥပဒေ ၄ အရ အသိပေးတင်ပြချက်မိတ္တူကိုလည်းကောင်း လက်ခံရရှိသည့်အခါ တစ်နေရာတည်း တစ်ချိန်တည်းတွင် တစ်ဖွဲ့ထက်ပိုသောအဖွဲ့များက ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရန် အသိပေးတင်ပြသည့် အခြေအနေဖြစ်လာပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်းပြီး အဆိုပါ အသိပေးတင်ပြသူ သို့မဟုတ် ဦးဆောင်မည့်ပုဂ္ဂိုလ်တို့နှင့် ညှိနှိုင်း၍ ဖြေရှင်း ဆောင်ရွက်ပေးရမည်။

## အခန်း (၃)

## အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း အကြောင်းကြားခြင်း

၁၂။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နည်းဥပဒေ ၃ အရ အသိပေးတင်ပြချက်ကိုလည်းကောင်း၊ နည်းဥပဒေ ၄ အရ အသိပေးတင်ပြချက်မိတ္တူကိုလည်းကောင်း လက်ခံရရှိပါက အသိပေးတင်ပြချက်တွင်ပါဝင်ရမည့် အချက်အလက်များပြည့်စုံမှု ရှိ မရှိ စိစစ်ပြီး ပြည့်စုံပါက ငြိမ်းချမ်းစွာစုဝေးခြင်းအား ပုံစံ (၆) ဖြင့်လည်းကောင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအား ပုံစံ (၇) ဖြင့်လည်းကောင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအား ပုံစံ (၈) ဖြင့်လည်းကောင်း လက်ခံရရှိကြောင်း အကြောင်းကြားစာအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို စတင်ဆောင်ရွက်လိုသည့် အချိန်မတိုင်မီ (၁၂) နာရီကြိုတင်၍ သက်ဆိုင်ရာ အသိပေးတင်ပြသူထံ ပေးအပ်ရမည်။

၁၃။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကိုလည်း လိုက်နာဆောင်ရွက်သွားရန် နည်းဥပဒေ ၁၂ အရ အကြောင်းကြားစာတွင် ဖော်ပြရမည်။

## အခန်း (၄)

## ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း

၁၄။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဥပဒေနှင့်အညီဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဠ) အရ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက မြို့နယ်အတွင်း ဒေသဆိုင်ရာ

Myanmar Law Information System (MLIS)

လိုအပ်ချက်အရ သတ်မှတ်ရန် လိုအပ်သည့်စည်းကမ်းချက်များကို ကြိုတင်ရေးဆွဲထားနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သတ်မှတ်ထားရန်လိုအပ်သော စည်းကမ်းချက်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း၍ ရေးဆွဲရမည်။

၁၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၁၅ အရ ညှိနှိုင်းရေးဆွဲထားသည့် ကြိုတင် သတ်မှတ် သောစည်းကမ်းချက်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက် ကိုရယူ၍ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်ကြားရမည်။

၁၇။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှတာဝန်ရှိသူသည် မိမိဆောင်ရွက်လိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ နည်းဥပဒေ ၃ အရ အသိပေးတင်ပြရာတွင် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (စ) အရ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များ တင်ပြနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ကြိုတင်ညှိနှိုင်းရယူရမည်။

၁၈။ နည်းဥပဒေ ၁၇ အရ ကြိုတင်ညှိနှိုင်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှတာဝန်ရှိသူက မိမိဆောင်ရွက်လိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြသည့်အခါ ဥပဒေပါစည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရေး အတွက် အသေးစိတ်ရှင်းလင်းပြောကြားပြီး ညှိနှိုင်းသဘောတူညီချက်ကို ပုံစံ(၅)ဖြင့် ပေးအပ်ရမည်။

၁၉။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရာတွင် ဦးဆောင်သည့် ပုဂ္ဂိုလ်သည် နည်းဥပဒေ ၁၂ အရ ပြန်ကြားထားသည့် အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း အကြောင်းကြားစာကို တစ်ပါတည်းယူဆောင်သွားရမည့်အပြင် တာဝန်ရှိပုဂ္ဂိုလ်ကတောင်းဆိုပါက ပြသရမည်။

၂၀။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ အသိပေးတင်ပြချက်အရ ဆောင်ရွက်ရာတွင်

Myanmar Law Information System (MLIS)

စုဝေးသည့်နေရာနှင့် စီတန်းလှည့်လည်ရာတွင် ပါဝင်သူများက ဥပဒေပါစည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များအား ဖောက်ဖျက်မှု မရှိစေရေးအတွက် ဦးဆောင်အသိပေးတင်ပြသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တာဝန်ယူရမည်။

## အခန်း (၅)

## အရေးယူဆောင်ရွက်ခြင်း

၂၀။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရာတွင် ဆက်စပ်မြို့နယ်များ ပါဝင်ပါက သက်ဆိုင်ရာမြို့နယ်များက ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

၂၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းများကို ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ဆောင်ရွက်နေသူများအား ဥပဒေပုဒ်မ ၁၃ အရ ဒုတိယရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိ တစ်ဦးဦးက ကာကွယ်စောင့်ရှောက်မှုပေးသည့်အခါ နယ်မြေအခြေအနေနှင့် စုဝေးခြင်း၊ စီတန်း လှည့်လည်ခြင်းပြုရာတွင် ပါဝင်သည့်လူဦးရေပေါ်မူတည်၍ လုံလောက်သော ရဲတပ်ဖွဲ့ဝင် အင်အားကို အသုံးပြုရမည်။

၂၂။ တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိနှင့် တပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းစွာစုဝေးခြင်းကို ဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည် ခြင်းကိုဖြစ်စေ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ ကာကွယ်ပေးရမည့်အပြင် ၎င်းတို့ကို နှောင့်ယှက်ခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်းပြုလုပ်သူများကို ဥပဒေနှင့်အညီအရေးယူနိုင်ရန် ဆောင်ရွက်ရမည်။

၂၃။ နည်းဥပဒေ ၂၁ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ရဲအရာရှိသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်ရာတွင် နည်းဥပဒေ ၂၂ အရ ကာကွယ်ပေးရမည့်အပြင် စုဝေး ခြင်း၊ စီတန်းလှည့်လည်ခြင်းပြုရာတွင် ဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထား သော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက် တစ်ရပ်ရပ်ကိုသော်လည်း ကောင်း လိုက်နာခြင်း ရှိ မရှိ စောင့်ကြပ်ကြည့်ရှုပြီး လိုက်နာခြင်းမရှိကြောင်း တွေ့ရှိရပါက ဦးဆောင်သည့် ပုဂ္ဂိုလ်အား သတိပေးရမည်။

၂၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုရာတွင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ ညှိနှိုင်းသဘောတူညီချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း လိုက်နာခြင်းမရှိကြောင်း တစ်ဦးဦးက တိုင်ကြားလာပါက နည်းဥပဒေ ၂၁ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ရဲအရာရှိသည်

Myanmar Law Information System (MLIS)

ယင်းတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ချက်ချင်းစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက ဦးဆောင်သည့် ပုဂ္ဂိုလ်အား သတိပေးရမည်။

၂၆။ နည်းဥပဒေ ၂၄၊ ၂၅ တို့အရ သတိပေးသော်လည်း လိုက်နာခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြ၍ ညွှန်ကြားချက်ရယူရမည်။

၂၇။ ဥပဒေပုဒ်မ ၁၅ ပါတားမြစ်ချက်များကို မလိုက်နာ၍ ဥပဒေပုဒ်မ ၁၆ အရ လူစုခွဲရန် ဆောင်ရွက်ရာတွင် ဆန္ဒပြသူများအနေဖြင့် လူစုမခွဲဘဲ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုကို ထိခိုက်လာသည်အထိ ပြုမူလာပါက လူစုခွဲခြင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)

## အထွေထွေ

၂၈။ မြေစိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ မြေစိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ မြေစိမ်းချမ်း စွာစုဝေးခြင်းနှင့်မြေစိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုကြောင်း အသိပေးတင်ပြထားသူသည် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်လိုခြင်း မရှိတော့ပါက အသိပေးတင်ပြချက် ပေးပို့ထားသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အသိပေးတင်ပြချက်မိတ္တူပေးပို့ထားသည့် သက်ဆိုင်ရာ ဖြတ်သန်းလိုသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးများထံသို့ ဆောင်ရွက်လိုခြင်းမရှိသည့် အကြောင်းကြားစာကို ပုံစံ (၉) ဖြင့် ဆောလျင်စွာပေးပို့ရမည်။

၂၉။ (က) ဤဥပဒေပါ ပြစ်မှုကျူးလွန်သူများကို မြို့နယ်ရဲတပ်ဖွဲ့မှူးကဖြစ်စေ၊ နည်းဥပဒေ ၂၂ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ရဲအရာရှိကဖြစ်စေ၊ ဥပဒေပုဒ်မ ၁၈ ပါပြစ်မှုအတွက် ကျူးလွန်ခံရသူက ဖြစ်စေ အမှုဖွင့်တိုင်ကြားနိုင်သည်။

(ခ) ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အရ အရေးယူရန်လိုအပ်ပါက စတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်ရှိ သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အမှုဖွင့်သည့်အခါ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဆက်စပ် မြို့နယ်များပါဝင်ပါက အမှုဖွင့်အရေးယူထားမှုအခြေအနေကို အဆိုပါမြို့နယ်များသို့ အကြောင်းကြား ရမည်။

၃၀။ ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃၆၄/ ၂၀၁၂ ဖြင့် ထုတ်ပြန်ခဲ့သော မြေစိမ်းချမ်းစွာစုဝေးခွင့်နှင့် မြေစိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထဲရေးဝန်ကြီးဌာန

Myanmar Law Information System (MLIS)

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (၁) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်ရန် အသိပေးတင်ပြခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (၂) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်ရန် အသိပေးတင်ပြခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (၃) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်ရန် အသိပေးတင်ပြခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (၄)

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (၅) ဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်အရ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ညှိနှိုင်းသဘောတူညီချက်

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ (၆) ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်ရန် အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း ပြန်ကြားခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (၇) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ရန် အသိပေးတင်ပြချက်အား လက်ခံ ရရှိကြောင်း ပြန်ကြားခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ (၈) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ရန် အသိပေး တင်ပြချက်အား လက်ခံရရှိကြောင်း ပြန်ကြားခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ (၉) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေးတင်ပြချက်အား ပြန်လည်ရုပ်သိမ်းကြောင်း တင်ပြခြင်း

Myanmar Law Information System (MLIS)